# မြန်မာကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့
## နေ့စဉ်ဈေးကွက်သတင်းလွှာ

June 17, 2019 Volume 20, Number 11


| ၁၇.၆.၂၀၁၉ | |
|---|---|
| ကမ္ဘာ့ရွှေဈေး | = ၁၃၃၈ /-US$ |
| မြန်မာ့ရွှေဈေး | = ၁၀၈၁၅၀၀/ကျပ် |
| ဒေါ်လာဈေး | = ၁၅၂၇/ကျပ် |
| CBM Rate | = ၁၅၃၀.၂/ကျပ် |
| ယူရို တစ်ယူရို | = ၁၇၁၆.၀ ကျပ် |
| စင်္ကာပူတစ်ဒေါ်လာ | = ၁၁၁၆.၂ ကျပ် |
| စတာလင်ပေါင်တစ်ပေါင် | = ၁၉၂၅.၈ ကျပ် |
| ဂျပန်ယန်းတစ်ရာ | = ၁၄၀၉.၀ ကျပ် |
| သြစတြေးလျတစ်ဒေါ်လာ | = ၁၀၅၁.၆ ကျပ် |
| တရုတ်ယွမ် (တစ်ယွမ်) | = ၂၂၀.၉၁ ကျပ် |
| အိန္ဒိယရူပီး (တစ်ရူပီး) | = ၂၁.၉၀၉ ကျပ် |
| ကိုရီးယားဝမ်တစ်ရာ | = ၁၂၈.၉၅ ကျပ် |
| မလေးရှားရင်းဂစ် | = ၃၆၆.၁၈ ကျပ် |
| ထိုင်းဘတ်တစ်ဘတ် | = ၄၈.၈၉၆ ကျပ် |

Source: CBM Rate, etrademyanmar.com


**CONTACT US**

ကုန်သွယ်မှုသတင်းအချက်လက်နှင့်
သုတေသနဌာနခွဲ

ဖုန်း ၀၁-၃၇၁၂၀၃
၀၁-၃၇၆၄၁၆
၀၁-၃၇၆၄၉၀
ဖက်စ် ၀၁-၃၇၆၄၁၆

http://www.trade.gov.mm
myantradetir2016@gmail.com


## မြန်မာ-ဟောင်ကောင် ကုန်သွယ်မှုအခွန်ကင်းလွတ်ခွင့် ၆၅ ရာခိုင်နှုန်းဖြင့် စတင်

မြန်မာနှင့်ဟောင်ကောင်ကုန်သွယ်ရာတွင် အခွန်သက်သာ ခွင့် ၆၅ ရာခိုင်နှုန်းဖြင့် ဇွန်လ ၁၁ ရက်က စတင်ကုန်သွယ်နိုင်ပြီဖြစ်ကြောင်း အရှေ့တောင်အာရှနိုင်ငံများ အသင်းရုံးကထုတ်ပြန်သည်။ အဆိုပါ အခွန်သက်သာခွင့်သည် အာဆီယံ-ဟောင်ကောင်-တရုတ် လွတ်လပ်စွာကုန်သွယ်ခွင့်သဘောတူညီမှု (AHKFTA) အရဖြစ်သည်ဟု အရှေ့တောင်အာရှနိုင်ငံများအသင်းရုံးက ထုတ်ပြန်သည်။ မြန်မာ-ဟောင်ကောင် ကုန်သွယ်မှုတွင် အခွန်ကင်းလွတ်ခွင့် ၆၅ ရာခိုင်နှုန်း ကို ၁၅ နှစ်ပေးရမည်ဖြစ်ပြီး နှစ် ၂၀ အတွင်း နောက်ထပ် ၂၀ ရာခိုင်နှုန်းကို ထပ်မံ လျှော့ချရန် ဖြစ်ကြောင်းဆိုသည်။

အခုလိုအသက်ဝင်တာ အာဆီယံနဲ့ဟောင်ကောင်ကြားမှာ ကုန်သွယ်မှုပိုကောင်းလာဖို့ဖြစ်ပါတယ်။ အာဆီယံနဲ့ဟောင်ကောင်တို့က နိုင်ငံတကာကုန်သွယ်မှုစနစ်ကို ထောက်ခံလိုက်တာပါ။ ကျွန်ုပ်တို့နိုင်ငံတွေကြားမှာ ကုန်သွယ်မှု၊ ရင်းနှီးမြှုပ်နှံမှုတွေကို ပိုအားကောင်းလာစေဖို့ပါဟု အာဆီယံအထွေထွေအတွင်းရေးမှူး Lim Jock Hoi က ပြောသည်။ ထိုသဘောတူညီမှုတွင် မြန်မာနိုင်ငံအပါအဝင် ကမ္ဘောဒီးယား၊ လာအိုနိုင်ငံတို့က ဟောင်ကောင်နှင့် ကုန်သွယ်ရာ၌ အခွန်ကင်းလွတ်ခွင့်ကို အထက်ပါအတိုင်းပေးရမည်ဖြစ်သည်။ ဟောင်ကောင်နှင့် ဘရူနိုင်း၊ မလေးရှား၊ ဖိလစ်ပိုင်နှင့် ထိုင်းနိုင်ငံတို့က ကုန်သွယ်ရာတွင် အခွန်ကင်းလွတ်ခွင့် ၈၅ ရာခိုင်နှုန်းကို ၁၀ နှစ်အတွင်း ပေးရမည်ဖြစ် ပြီး ၁၄ နှစ်အတွင်း နောက်ထပ် ၁၀ ရာခိုင်နှုန်း ထပ်မံလျှော့ချရမည်ဖြစ်သည်။

စင်ကာပူနှင့် ဟောင်ကောင်တို့သည် အခွန်လုံးဝကင်းလွတ်ခွင့်ဖြင့် ကုန်သွယ်နိုင်ပြီးဖြစ်သည်။ အင်ဒိုနီးရှား၊ ဗီယက်နမ်တို့က ဟောင်ကောင်နှင့် ကုန်သွယ်ရာတွင် အခွန်သက်သာခွင့် ၇၅ ရာခိုင်နှုန်းကို ၁၀ နှစ် အတွင်း ပေးရမည်ဖြစ်ပြီး ၁၄ နှစ်အတွင်း နောက်ထပ် ၁၀ ရာခိုင်နှုန်းကို ထပ်မံလျှော့ချမည်ဟုဆိုသည်။ AHKFTA ကို ၂၀၁၇ နိုဝင်ဘာ ၁၂ ရက်တွင် ဖိလစ်ပိုင်နိုင်ငံ၌ အာဆီယံစီးပွားရေးဝန်ကြီးများနှင့် ဟောင်ကောင်ကုန်သွယ်ရေးနှင့် စီးပွားရေးဖွံ့ဖြိုးရေးဌာနအတွင်းရေးမှူးတို့က လက်မှတ်ရေးထိုးခဲ့ခြင်းဖြစ်သည်။ ထိုသဘောတူညီချက်တွင် အချက် ၁၄ ချက်ပါဝင်ပြီး လွတ်လပ်သောဈေးကွက်နှင့်ကုန်သွယ်မှု၊ ကုန်သွယ်မှုတွင် ယုံကြည်မှုတိုးမြှင့်ခြင်း၊ ကုန်စည်နှင့်ဝန်ဆောင်မှုကဏ္ဍများတွင် အချက်အလက်များ ပူးပေါင်းဆောင်ရွက်ရေးတို့ပါဝင်သည်။ အာဆီယံနိုင်ငံများသည် လွတ်လပ်သော ကုန်သွယ်မှုနိုင်ငံများအဖြစ် တရုတ်၊ ကိုရီးယား၊ အိန္ဒိယ၊ ဂျပန်၊ သြစတြေးလျ၊ နယူးဇီလန်တို့နှင့် လက်မှတ်ရေးထိုးထားသည်။

**Source:** http://www.7daydaily.com/story/158780

## အမေရိကန်ကုန်ပစ္စည်း ၂၈ မျိုးကို အိန္ဒိယက အခွန်တိုးမြှင့်ပြဋ္ဌာန်း

နယူးဒေလီသို့ အဓိကကုန်သွယ်ရေး အခွန်ကင်းလွတ်ခွင့်များကို ဝါရှင်တန်ကရုပ်သိမ်းမှုအပြီးတွင် အိန္ဒိယက လက်တုံ့ပြန်ခြင်းအဖြစ် မက်မွန်စေ့၊ ပန်းသီးနှင့်သစ်ကြားသီးစေ့အပါအဝင် အမေရိကန်ကုန်ပစ္စည်း ၂၈ မျိုးအပေါ် တနင်္ဂနွေနေ့ကစ၍ အခွန်တိုးမြှင့်ပြဋ္ဌာန်းမည်ဖြစ်သည်။ ဝါရှင်တန်နှင့် ကြီးမားသောကုန်သွယ်ရေးလိုငွေပြမှုများရှိနေသော နိုင်ငံများကို အရေးယူဆောင်ရွက်မည်ဟုကြွေးကြော်ကာ ၂၀၁၇ က အမေရိကန် သမ္မတဒေါ်နယ်ထရန့် စတင်တာဝန်ယူပြီးနောက်ပိုင်း နောက်ဆုံး ကုန်သွယ်ရေးအငြင်းပွားမှုအတွင်း ယင်းအခွန်အသစ်များသည် ဇွန်လ ၁၆ ရက်ကစ၍ အသက်ဝင်မည်ဖြစ်ကြောင်း အစိုးရ၏ အသိပေးချက်ကဖော်ပြသည်။ ကန်ဒေါ်လာ ၅ ဒသမ ၆ ဘီလီယံအထိ တန်ဖိုးရှိသော ပို့ကုန်များကို အခွန်လွတ် တင်ပို့ခွင့်ပြုထားသည့် အိန္ဒိယသို့ အခွန်ကင်းလွတ်ခွင့်ပေးထားခြင်းကို သမ္မတထရန့်က ဇွန်လ ၅ ရက်တွင် ရုပ်သိမ်းခဲ့သည်။ အိန္ဒိယက နိုင်ငံ၏အကျိုးစီးပွားများကို ထိန်းသိမ်းကာကွယ်မည်ဟုကြွေးကြော်ခဲ့သည်။

ဇွန်လ ၂၈ ရက်နှင့် ၂၉ ရက်တွင် ဂျပန်နိုင်ငံ၌ကျင်းပမည့် ဂျီ-၂၀ ထိပ်သီးဆွေးနွေးပွဲပြင်ပတွင် ထရန့်နှင့်အိန္ဒိယဝန်ကြီးချုပ် နာရန်ဒရာမိုဒီ၏ ပထမဆုံးတွေ့ဆုံမှုမတိုင်မီ အိန္ဒိယက အခွန်တိုးကောက်ရန်ပြင်ဆင်နေကြောင်း ရိုက်တာသတင်းက ယခင်ဖော်ပြခဲ့သည်။ ၂၀၁၈ က အိန္ဒိယနှင့် အမေရိကန်ကြား ကုန်သွယ်မှုတန်ဖိုး ကန်ဒေါ်လာ ၁၄၂ ဒသမ ၁ ဘီလီယံရှိခဲ့သည်။ အမေရိကန်ကုန်စည်များအပေါ် အိန္ဒိယ၏ အခွန်တိုးကောက်ခြင်းက နှစ်နိုင်ငံကြား နိုင်ငံရေးနှင့် လုံခြုံရေး၊ ဆက်ဆံရေးအပေါ် သက်ရောက်မှုရှိနိုင်သည်။ ယခုလအတွင်း အိန္ဒိယသို့သွားရောက်မည့် အမေရိကန်နိုင်ငံခြားရေးဝန်ကြီး မိုက်ခ်ပွန်ပီယိုက အိန္ဒိယနှင့်ကုန်သွယ်ရေးသဘောထားကွဲလွဲမှုများနှင့်ပတ်သက်၍ ဆွေးနွေးရန် အမေရိကန်က လမ်းဖွင့်ထားသည်ဟုပြောသည်။

**Source:** http://www.7daydaily.com/story/158769

## ဂဥအစိုဝယ်ယူမှုကြောင့် ဈေးကွက်ပျက်မည်ကိုစိုးရိမ်လာသည့် မတူပီ ဂဥစိုက်တောင်သူများ

တရုတ်နိုင်ငံမှ ဂဥအခြောက်များကိုသာမက ဂဥအစိုများကိုပါ ဝယ်ယူလာသည့်အတွက် ဂဥဈေးကွက်ပျက်လာမည်ကို မတူပီ မြို့နယ်ရှိ ဂဥစိုက်တောင်သူများက စိုးရိမ်လျက်ရှိကြောင်း ပြည်နယ်လွှတ်တော် ကိုယ်စားလှယ် ဦးအောင်လျန်က ဆိုသည်။ တရုတ်ဈေးကွက်ကတော့ အခြောက်ရော အစိုရောဝယ်သွားတာရှိတယ်။ အလုံးလိုက် အစိုအတိုင်း ဝယ်သွားတဲ့အတွက် သူတို့နိုင်ငံအတွက် မျိုးစေ့ရအောင် ဝယ်သွားတာလားလို့ စိုးရိမ်တဲ့သူတွေရှိတယ်။ ဒီမှာကလည်း ကုန်ကြမ်းအတိုင်းပဲ ရောင်းနေရတော့ စိုးရိမ်မှုတွေရှိနေကြပါတယ်ဟု ၎င်းကဆိုသည်။ လူဦးရေ ငါးသောင်းနီးပါးနေထိုင်သည့် မတူပီမြို့နယ် တွင် ဂဥစိုက်တောင်သူ ၅ ရာခိုင်နှုန်းရှိပြီး ချင်းပြည်နယ်တောင်ပိုင်း မင်းဒပ်၊ မတူပီ၊ ပလက်ဝမြို့နယ်များတွင် အများဆုံး စိုက်ပျိုးလေ့ရှိကြောင်းသိရသည်။

စားသောက်ဖွယ်ရာနှင့် အလှကုန်ပစ္စည်းအဖြစ် အသုံးပြုနိုင်သော ဂဥအား တရုတ်နိုင်ငံနှင့်ဂျပန်နိုင်ငံတို့မှ အဓိကဝယ်ယူလေ့ရှိကြောင်းသိရသည်။ ဂျပန်နိုင်ငံမှ အရည်အသွေးကောင်းသည့် ဂဥခြောက်များကိုသာ ဝယ်ယူသော်လည်း တရုတ်နိုင်ငံမှမူ ဂဥခြောက်ကိုသာမက အစိုကိုပါဝယ်ယူလေ့ရှိကြောင်း ဂဥ စိုက်ပျိုး ၊ ရောင်းဝယ်ရေးလုပ်ငန်း လုပ်ကိုင်သူ ဦးမောင်ဘကဆိုသည်။ ကျွန်တော်တို့ အမြဲတမ်းသွင်းနေတဲ့ မန္တလေးက ပွဲရုံတစ်ရုံကို မေးကြည့်တော့ တစ်နှစ်ကို ပျမ်းမျှ ပိသာချိန် ငါးသိန်း ဝန်းကျင်ရတယ်လို့ပြောတယ်။ အဲဒီ ပိသာချိန်ငါးသိန်းက ချင်းပြည်နယ်တောင်ပိုင်းကထွက်တဲ့ ဂဥတွေဟု ဦးမောင်ဘကဆိုသည်။ မတူပီမြို့နယ်တွင် ယခင်က တရားမဝင်သစ်ခွပန်းများနှင့် ဆေးပင်များသာ ရောင်းဝယ်ဖောက်ကားမှုရှိခဲ့ပြီး လက်ရှိအချိန်တွင် ဂဥဈေးကောင်းလာသောကြောင့် ဂဥစိုက်ပျိုးသည့်တောင်သူများ ပေါ်များလာခြင်းဖြစ်ကြောင်း ပြည်နယ်လွှတ်တော်ကိုယ်စားလှယ် ဦးအောင်လျန်ကဆိုသည်။

**Source:** https://www.facebook.com/myanmaeconomic/

## ဆန်အဝင်နည်းချိန် ဝယ်လိုအားများသဖြင့် ရက် (၉၀)ဆန်တစ်အိတ် ကျပ် (၁၅၀၀၀)နီးပါး ဈေးတက်

ပြည်တွင်းဈေးကွက်အတွင်း ဆန်အဝင်နည်းအချိန် ဝယ်လိုအားမြင့်တက်လာသဖြင့် ရက် (၉၀)ဆန် တစ်အိတ်လျှင် ကျပ် (၁၅၀၀၀)နီးပါး အထိ ဈေးတက်သွားကြောင်း ဆန်စပါးကုန်စည်ဒိုင်(ဂါးတန်း)မှသိရသည်။ ယခင်က ရက် (၉၀)ဆန်တစ်အိတ် ကျပ် (၂၀၅၀၀၀) ဝန်းကျင်ရှိခဲ့ရာမှ ယခုအခါ ကျပ် (၂၂၀၀၀၀) နီးပါးအထိ မြင့်တက်သွားကြောင်း ဆန်စပါးကုန်စည်ဒိုင်(ဂါးတန်း) မှ တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ကပြောသည်။ ဒီလို ဆန်ဈေး

လေးတက်လာတော့ ဘာပဲဖြစ်ဖြစ် တောင်သူတွေအတွက် မျှော်လင့်ချက်လေးတွေ ကောင်းလာတာပေါ့ဟု တွဲဖက်အတွင်းရေးမှူး ဦးကျော်ကျော်ကပြောသည်။

တရုတ်ဈေးကွက်သို့ ပြန်လည်တင်ပို့လာနိုင်ခြင်းနှင့် ပြည်တွင်းလက်လီဈေးကွက်၏ ဝယ်လိုအားမြင့်တက်လာခြင်းကြောင့် ယခုကဲ့သို့ ဈေးတက်လာခြင်းဖြစ်ကြောင်း ဦးကျော်ကျော်ကဆိုသည်။ ယခင်က ဆန်စပါးကုန်စည်ဒိုင်(ဂါးတန်း)သို့ တစ်ရက်လျှင် ဆန်အိတ်(၈)သောင်းနီးပါးအထိ ဝင်ရောက်နေပြီး ယခုအခါ ဆန်အိတ်ရေ(၅)သောင်း ဝန်းကျင်သာ ဝင်ရောက်လျက်ရှိနေကြောင်းသိရသည်။

ဦးကျော်ကျော်က စက်ပိုင်တွေကလည်း သူ့ရဲ့ဝယ်လိုအားရှိတဲ့ ဆန်ကိုကြိတ်တဲ့အခါ မျှကြိတ်တဲ့ အခြေအနေမျိုးဖြစ်သွားတဲ့အတွက် ရန်ကုန်အဝင်တော်တော်နည်းသွားတယ်ဟုဆိုသည်။ လက်ရှိ ရက် (၉၀)ဆန် အပြင်သီးထပ်(ရှယ်) တစ်အိတ်လျှင် ကျပ် (၁၉၀၀၀) မှ (၁၉၅၀၀) ကျပ်အထိ ဈေးတက်နေပြီး ဧည့်မထ (၂၅)မှတ်ဆန်တစ်အိတ် ယခင်က (၁၆၅၀၀)ကျပ် ဝန်းကျင်ရှိခဲ့ရာမှ ယခုအခါ ကျပ် (၁၇၂၀၀) ကျပ်ထိ ဈေးတက်သွားကြောင်း ဂါးတန်းဆန်စပါးကုန်စည်ဒိုင်မှ သိရသည်။

**Source:**https://myanmaeconomics.blogspot.com/2019/06/blog-post_19.html?fbclid=IwAR1fG599kLXcA92hKKU_bInPw17K25UXicHsIvQ_zIipRZnyVaIEbeIdLG4

## ပြည်ပဝယ်ယူမှုများသောကြောင့် ပြောင်းအစိုများဈေးနှုန်းမြင့်တက်

ပြောင်းအစိုများကို တရုတ်နှင့်ယိုးဒယားနိုင်ငံတို့မှဝယ်ယူမှုများသောကြောင့် ပြည်တွင်းပြောင်းအစိုဈေးနှုန်းများ မြင့်တက်နေကြောင်း စားဖိုဆောင်သီးနှံစိုက်ပျိုးထုတ်လုပ်တင်ပို့ရောင်းချသူများအသင်းဥက္ကဋ္ဌ ဦးခင်ဟန်ကပြောသည်။ မြစ်ဝကျွန်းပေါ်မှာရှိတဲ့ အစိုမိုးထောင်ပြောင်းသီး သာမိုနဲ့ဒီမိုဆိုပြီးနှစ်မျိုးရှိတယ်။ အဲ့ဒါတွေကို အစိမ်းအတိုင်းဝယ်တာ။ ကျွန်တော်တို့ အအေးခန်းကားတွေနဲ့ပို့နေတယ်။ တကယ်လို့ အစိုတစ်ပိဿာကိုလုပ်မယ်ဆိုရင် ကျပ် ၂၄၀၀၀၊ ၂၅၀၀၀ လောက်ကျမယ်။ ဘာလို့ဆိုသူက ၄ ချိုး ၁ ချိုးပဲ ထွက်တယ်။ အခုက အစိုအတိုင်းပဲသွားနေတဲ့အတွက် အခြောက်ကိုမရှိဘူး။ မရှိတော့ အိန္ဒိယကဝင်တာရှိတယ်၊ တချို့လည်း ဗီယက်နမ်ကဝင်တာရှိတယ်၊ ပြီးခဲ့တဲ့နှစ်ကလက်ကျန်တွေရှိတယ်။ အဲ့ဒါတွေ ရောင်းနေကြတယ်။ ဒီရက်ပိုင်းမှာ ဈေးကအတော်တက်သွားတယ်ဟု ၎င်းကပြောသည်။ ယခင်က ပြောင်းအစိုဈေး ကျပ် ၁၅၀၀ မှ ၂၀၀၀ အတွင်းရှိခဲ့သော်လည်း လက်ရှိတွင် ပြောင်းအစိုတစ်ပိဿာလျှင် ၈၅၀၀ ကျပ်အထိ ဈေးနှုန်းမြင့်တက်နေသည်ဟုဆိုသည်။

ယင်းကဲ့သို့ ပြည်တွင်း၌ ပြောင်းအစိုရှားပါးနေသည့်အတွက် စားသုံးသူများနစ်နာမှုမရှိစေရန် နယ်စပ်မှတရားဝင်တင်သွင်းခွင့်ပြုရန်အတွက် စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနသို့ အကြံပြုတင်ပြထားသည်ဟုဆိုသည်။ သူတို့ဘက်ကလည်း FDA ထောက်ခံချက်ပေးဖို့၊ အသင်းကို ဒါကိုသွင်းခွင့်ပြုဖို့ ထောက်ခံချက်တောင်းတယ်။ ကျွန်တော်တို့ကလည်း ကျွန်တော်တို့ ဆုံးဖြတ်ပြီးပေးလို့မရဘူး။ နိုင်ငံတော်အနေနဲ့ပဲလုပ်လို့ရမယ်။ အဲ့ဒါလေးကိုတော့ အကြံပေးထားတယ်။ သူတို့ဒီရက်ပိုင်းမှာပဲ ကျောက်ဆည်မှာ အစည်းအဝေးလုပ်မယ်ဆိုတော့ အစည်းအဝေးလုပ်ပြီး သူတို့တင်ပြပြီးရင်တော့ သွင်းခွင့်ပြုသင့်တယ်ဆိုရင် သူတို့ခွင့်ပြုမှာပေါ့။ တကယ်လို့ခွင့်ပြုလိုက်ပြီဆိုရင်တော့ ထိုက်သလောက်တော့ ဈေးနည်းနည်းလျော့သွားမယ်။ အဲ့ဒီ့လိုမှ မဟုတ်ဘူးဆိုရင်တော့ မကြာခင်မှာ ပြောင်းသီးကတစ်သောင်း အထက်နားမှာ ရောက်သွားလိမ့်မယ်ဟုဆိုသည်။

မိုးထောင်ပြောင်းသီးဈေးနှုန်းသည် ယခင်က တစ်ပိဿာလျှင်ကျပ် ၄၀၀၀ ဝန်းကျင်ခန့်ရှိရာမှ ယခုအခါ ကျပ် ၆၀၀၀ ခန့်အထိ မြင့်တက်လာခဲ့သည်ဟုဆိုသည်။ပြောင်းအစိုများကို ပြည်ပသို့တင်ပို့ရာတွင် အစိမ်းအတိုင်းဖြင့်သာ တိုက်ရိုက်အအေးခန်းအတွင်း ထည့်သွင်းသိုလှောင်ဝယ်ယူခြင်းဖြစ်ကြောင်းသိရသည်။ အရင်ကဝယ်ပေမယ့် အခုလိုအများကြီးမဝယ်ဘူး။ အဓိကသူတို့ဝယ်နေတာက ဗီယက်နမ်နဲ့အိန္ဒိယကပါ။ အဲဒီနိုင်ငံတွေကဝယ်လို့မရလို့ မြန်မာနိုင်ငံကဝယ်တယ်လို့ကြားတယ်။ ဒီရက်ပိုင်း တော်တော်ဝယ်အားကောင်းတယ်။ တစ်ယောက်ကို ကားအစီး ၁၅၊ ၂၀ လောက် ဝယ်နေတာ။ စိုက်တဲ့သူက ခြောက်အောင်တောင် စောင့်စရာမလိုဘူး။ အစိုတွေစွတ်ရောင်းပစ်တာဟု ဦးခင်ဟန်ကပြောသည်။ တရုတ်နိုင်ငံအနေဖြင့် ယခင်က ပြောင်းဝယ်ယူမှုနည်းပါးခဲ့သော်လည်း ပြီးခဲ့သည့် ဖေဖော်ဝါရီနောက်ဆုံးပတ်မှစတင်၍ ပိုမိုဝယ်ယူလာခြင်းဖြစ်ကြောင်းသိရသည်။ လက်ရှိတွင် ဘုရင့်နောင်ကုန်စည်ဒိုင်သို့ မြစ်ဝကျွန်းပေါ်ဒေသများဖြစ်သည့် မအူပင်၊ ဟင်္သာတ၊ ဂါးခယ်မ၊ ရွှေလောင်းစသည့်ဒေသများမှထွက်ရှိသည့် ပြောင်းများဝင်ရောက်နေပြီး မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှထွက်ရှိသော ပြောင်းများသည်လည်း ဈေးကွက်အတွင်း မကြာမီဝင်ရောက်လာတော့မည်ဖြစ်ကြောင်းသိရသည်။

**Source:** https://myanmaeconomics.blogspot.com/2019/06/blog-post_14.html

## EU အဖွဲ့ ဝင်နိုင်ငံများသို့ မြန်မာ့မွေးမြူရေးငါးများ ဈေးကွက်မျှမပေးနိုင်သည့် အခြေအနေမျိုးကြောင့် တစ်လကျော်ကြာသည်အထိ တင်ပို့နိုင်ခြင်းမရှိသေး

ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများသို့ မြန်မာ့မွေးမြူရေးငါးများကို ဈေးကွက်မျှမပေးနိုင်သည့် အခြေအနေမျိုးကြောင့် တစ်လ ကျော်ကြာသည်အထိ တင်ပို့နိုင်ခြင်းမရှိသေးကြောင်းသိရသည်။ မြန်မာ့မွေးမြူရေးငါးများကို ဥရောပသမဂ္ဂအဖွဲ့ဝင်နိုင်ငံများ သို့ ယခုနှစ် မေလ ၁ ရက်ကစ၍ တင်ပို့ခွင့်ရရှိခဲ့ခြင်းဖြစ်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီ တိုင်းဒေသကြီးတို့ရှိ မွေးမြူရေးကန် ၂၇ ကန်မှ ငါးမြစ်ချင်း၊ ငါးကြင်းဖြူ၊ ခေါင်းပွ၊ ရွှေ၀ါ၊ ငါးတန်၊ ငါးခုံးမကြီး၊ တီလားပီးယား၊ တိုက်ဂါးပုစွန်၊ ဗီနားမင်းပုစွန်ဖြူနှင့် ကဏန်းပျော့စသည့် ရေထွက်ပစ္စည်း ၁၀ မျိုးကို စက်ရုံ ၁၇ ရုံမှ တင်ပို့ခွင့်ရရှိခြင်းဖြစ်ကြောင်းသိရသည်။

ရေထွက်ပစ္စည်းနှင့် ပို့ကုန်လုပ်ငန်းရှင်ဦးခင်ဇော်က လက်ရှိပြည်တွင်းမှာ ငါးတွေရှားနေပြီး ဈေးနှုန်းကောင်းနေတဲ့ အနေအထားဖြစ်တယ်။ ငါးရှားပါးတယ်ဆိုတာက ပင်လယ်ငါးဖမ်းဘက်က ငါးမဖမ်းရရာသီကြောင့် ငါးကုန်တက်မရှိဘူး။ ဈေးကွက်ထဲမှာ မွေးမြူရေးငါးတွေပဲများတယ်။ ဒီလိုအနေအထားမှာ ဈေးကွက်သစ်ကိုမပို့နိုင်ကြသေးဘူး။ ရှိပြီးသား ဈေးကွက်တွေနဲ့ပဲ လုပ်ငန်းလည်ပတ်နေကြတာပေါ့။ အဓိကပြည်တွင်းမှာငါးရှားပါးနေတဲ့ အနေအထားကြောင့် အီးယူက ခွင့်ပြုပေမယ့်လည်း မပို့နိုင်ကြသေးတာပါ။ ငါးပြန်ပေါများလာရင် အဲဒီဈေးကွက်ကိုလည်း ထိုးဖောက်ကြဖို့ ကြိုးစားလာကြမှာပါ"ဟု ဇွန် ၁၆ ရက်က ဒီမိုကရေစီတုဒေးသို့ပြောသည်။

မြန်မာ့ရေထွက်ကုန်များကို နိုင်ငံတကာမှ ဈေးကွက်ဖွင့်လှစ်ပေးသည့်အပေါ် တင်ပို့ရာတွင် အခက်အခဲမရှိစေရေး အတွက် ပြည်တွင်းရှိငါးမွေးမြူရေးလုပ်ငန်းများအနေဖြင့် ကောင်းမွန်သော ရေသတ္တဝါမွေးမြူရေးကျင့်စဉ် (Good Aquaculture Practice-GAqP) စနစ်ကို ကျင့်သုံးမွေးမြူထုတ်လုပ်ရန် လိုအပ်သလိုပြည်ပသို့ ရေထွက်ကုန်များကို တင်ပို့ရာတွင် လက်ရှိငါးမြစ်ချင်းငါးကိုသာ အဓိကတင်ပို့လျက်ရှိရာမှ ကမ္ဘာ့နိုင်ငံများမှ စားသုံးမှုများသောငါးများကို သိရှိနိုင်အောင် ဆောင်ရွက်လျက်ရှိပြီး ပြောင်းလဲမွေးမြူထုတ်လုပ်ရန်လည်း လိုအပ်လျက်ရှိကြောင်းသိရသည်။ မြန်မာနိုင်ငံငါးလုပ်ငန်း အဖွဲ့ချုပ်၏ အထွေထွေအတွင်းရေးမှူး ဦးဝင်းကြိုင်က အခုလက်ရှိအခြေအနေမှာ ငါးမွေးမြူရေးလုပ်ငန်းရဲ့ အနေအထားကို ကြည့်တော့ မွေးမြူတဲ့နည်းစနစ်ကလည်း ခေတ်မမီဘူး။ မွေးမြူတဲ့ငါးတွေကလည်း ကမ္ဘာ့ဈေးကွက်ဝင်ငါးမဟုတ်ဘူး။ ဒါတွေကို မွေးမိရက်သားဖြစ်နေတော့ ပြည်တွင်းစားသုံးမှုအတွက်က လုံလောက်မှုရှိပေမယ့် ပြည်ပပို့တဲ့အခါ မွေးတဲ့ငါးရဲ့ မျိုးက ကမ္ဘာ့ဈေးကွက်ကို ပို့နိုင်တဲ့ငါးမျိုးမဟုတ်တော့ ကျွန်တော်တို့မှာ ဒါကလွဲချော်နေတာ။ အဲဒီအတွက်ကြောင့် ရမယ့် ဝင်ငွေကိုလည်းမရဘူး။ အလုပ်အကိုင်အခွင့်အလမ်းတွေလည်း လုပ်ငန်းမကောင်းတော့လျော့နေတာပေါ့။ ကမ္ဘာ့ဈေးကွက် ဝင်ငါး၊ ပုစွန်တွေကိုနည်းပညာမြင့်ပြီး ကမ္ဘာ့ဈေးကွက်ကို ပို့ဖို့အတွက် နည်းလမ်းရွေးရမှာပေါ့။ အဲဒီလိုရွေးတဲ့အခါ ငါးအနေနဲ့ဆိုရင် ငါးမြစ်ချင်းကို လက်မလွှတ်ဘူးမွေးမယ်။ ပြည်တွင်းလိုအပ်ချက်နဲ့ ပြည်ပပို့လို့ရမယ့်ဈေးကွက်အပေါ်မှာပဲ လိုအပ်ချက်အတိုင်းပဲ ချိန်ညှိ ပြီးမွေးရမယ်ဟုပြောသည်။

မြန်မာနိုင်ငံမှ ရေထွက်ကုန်ပစ္စည်းများ ဝယ်ယူသည့်နိုင်ငံများကလည်း တင်သွင်းခွင့်ပြုထားသော ရေထွက်ကုန် ပစ္စည်းများမှာ ယင်းတို့နိုင်ငံမှ သတ်မှတ်ထားသည့် စံချိန်စံညွှန်းနှင့်အညီဖြစ်စေရေး၊ ဘေးအန္တရာယ်ကင်းရှင်းစေရေးနှင့် သတ်မှတ်စည်းမျဉ်းစည်းကမ်းများနှင့်အညီ မွေးမြူ၊ ထုတ်လုပ်၊ ပြုပြင်သည့် လုပ်ငန်းစဉ်အဆင့်ဆင့်ကို လာရောက်စစ်ဆေးလျက်ရှိပြီး ယင်းသတ်မှတ်ချက်များနှင့်ကိုက်ညီမှုရှိမှသာ တင်ပို့ခွင့်ပြုမည်ဖြစ်သည့်အတွက် ကိုက်ညီမှုရှိအောင် မွေးမြူ၊ ထုတ်လုပ်၊ ပြုပြင်ရန်လိုအပ်သလို လာရောက်စစ်ဆေးရာတွင်လည်း အချိန်မရွေးစစ်ဆေးခံနိုင်ရေးအတွက် စနစ်တကျဆောင်ရွက်ထားရန်လိုအပ်ကြောင်းသိရသည်။

**Source:democracytoday**

https://www.yangonmedia.com/economy/item/14806-eu-

## မူဆယ်မှ တရုတ်သို့ ကျွဲ၊ နွား တင်ပို့ မှု ကန်ဒေါ်လာ သန်း ၃၀၀ ကျော်ရရှိထား

၂၀၁၈-၂၀၁၉ ဘဏ္ဍာနှစ် (အောက်တိုဘာလမှ ဇွန်လ ၇ ရက်) အထိ မူဆယ်မှတရုတ်နိုင်ငံသို့ ကျွဲ၊ နွားတင်ပို့မှု အမေရိကန်ဒေါ်လာ သန်း ၃၀၀ ကျော် ရရှိထားကြောင်း စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနမှသိရသည်။ မူဆယ်နယ်စပ်ကုန်သွယ်ရေးစခန်းမှ နွားကောင်ရေ တစ်သိန်းကျော်နှင့် ကျွဲကောင်ရေ နှစ်သောင်းခွဲခန့် တင်ပို့မှုမှ ဝင်ငွေ

အမေရိကန်ဒေါ်လာ သန်း ၃၀၀ ခန့်ရရှိထားပြီး ယခင်နှစ်ကာလတူထက် အမေရိကန်ဒေါ်လာ သန်း ၂၀၀ ကျော် ပိုမို ကုန်သွယ်ထားကြောင်း အဆိုပါဌာနကြီးဌာန လက်ထောက်အတွင်းဝန် ဦးခင်မောင်လွင်ကပြောသည်။ အခုနှစ်က ပိုပြီးတော့တင်ပို့ထားတဲ့ အနေအထားဖြစ်သွားတာပေါ့။ နှစ်နိုင်ငံအကြား G to G ပို့နိုင်အောင်လည်း ကြိုးပမ်းနေပါတယ်ဟု ၎င်းကဆက်လက်ပြောသည်။ တရုတ်သို့ ကျွဲ၊ နွား တင်ပို့ရာတွင် မြန်မာနိုင်ငံဘက်မှ တရားဝင်လိုင်စင်ဖြင့် တင်ပို့နေသော်လည်း တရုတ်နိုင်ငံမှ တရားမဝင်ကုန်သွယ်မှုအဖြစ် သတ်မှတ်ထားသည့်အတွက် နှစ်ဖက်အစိုးရကြား နားလည်မှု စာချွန်လွှာရေးထိုးရန် ပြင်ဆင်နေသည်။ နွားမွေးမြူသူတွေ အဆင်ပြေအောင် ကုန်သည်လည်း အဆင်ပြေအောင်ဆိုရင် ပြည်တွင်းမှာ စားကျက်မြေရှားပါးတာနဲ့ ကုန်ကြမ်းရှားပါးတာ ဖြည့်ဆည်းပေးနိုင်အောင် တိုင်းဒေသကြီးအလိုက် မွေးမြူရေး ဇုန်တွေ ထွက်ပေါ်လာအောင် အစိုးရကကူညီပေးသင့်တယ်။ အခုလည်း တပိုင်တနိုင်ကနေ စီးပွားဖြစ်မွေးမြူဖို့အထိ လုပ်လာတာတွေ့ရတယ်။ တရုတ်ပို့တာရယ်၊ ဘင်္ဂလားဒေ့ရှ်ဘက်ပို့တာရယ် ပေါင်းလိုက်ရင် တစ်နှစ်ကို အကောင်ရေ နှစ်သိန်းလောက်ပို့လာနိုင်တယ်ဟု မန္တလေး- မူဆယ်ရှိ ကုန်သည်တစ်ဦးဖြစ်သူ ဦးမြင့်ဆွေဦးကပြောသည်။

ပြည်ပသို့ ကျွဲ၊နွားတင်ပို့ရာတွင် စံသတ်မှတ်ထားသည့် လုပ်ငန်းစဉ်ကို ရေးဆွဲချမှတ် ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့ကြောင့် အသက်ငါးနှစ်နှင့်အထက် ကျွဲ၊ နွားများကိုသာ တင်ပို့ခွင့်ပြုထားကြောင်း၊ တိရစ္ဆာန်ကျန်းမာရေးထောက်ခံချက် လက်မှတ်၊ မွေးမြူရေးခြံလုပ်ငန်း မှတ်ပုံတင်လက်မှတ်တို့ကို သက်ဆိုင်ရာဌာနကြီးဌာနများက ထုတ်ပေးလျက်ရှိသည်။ လက်ရှိ မူဆယ် ၁၀၅ မိုင် ကုန်သွယ်ရေးဇုန်တွင် နွားတစ်ကောင်လျှင် ကျပ် ၁၀ သိန်းမှ ၁၅ သိန်း ကြား၊ ကျွဲတစ်ကောင်လျှင် ကျပ် ၁၇ သိန်းမှ ၂၃ သိန်းကြား ဈေးရှိကြောင်းသိရသည်။ လက်ရှိ မြန်မာနိုင်ငံတွင် ကျွဲ၊ နွား ကောင်ရေ ၁၁ဒသမ ၅ သန်း ခန့်ရှိပြီး၊ ထက်ဝက်ခန့်ဖြစ်သည့် ၅ ဒသမ ၇၅ သန်းသည် စိုက်ပျိုးမွေး ၃၄ ဒသမ ၅ သန်းကို ထွန်ယက်ပေးနေကြောင်းသိရ သည်။

**Source:** https://www.facebook.com/amiamyanmar/posts/2277864492299034?__tn__=K-R

## ဗီယက်နမ်လုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ ငါးတန်မွေးမြူရေးစီမံကိန်းလုပ်ဆောင်မည်

ဗီယက်နမ်လုပ်ငန်းရှင်များနှင့်ပူးပေါင်းကာ မန္တလေးတိုင်းဒေသကြီး၊ မတ္တရာမြို့နယ်တွင် ငါးတန်မွေးမြူရေးစီမံကိန်း တစ်ခုကို ဖော်ဆောင်သွားမည်ဖြစ်ကြောင်း ရွှေနဒီ ငါးမွေးမြူ ရေးလုပ်ငန်းရှင် ဦးအောင်မင်းခိုင်ကပြောသည်။ မန္တလေးတိုင်း ဒေသကြီးနှင့် အနီးဝန်းကျင်ဒေသများတွင် ငါးတန်မျိုးပေါက် ရရှိရန်ရှားပါးသည့်အတွက် ဗီယက်နမ်လုပ်ငန်းရှင်များနှင့် ပူးပေါင်းကာ ငါးတန်မျိုးပေါက်ထုတ်လုပ်ခြင်း၊ ရောင်းချခြင်းများပြုလုပ်ရန်အတွက် ပူးပေါင်းလုပ်ဆောင်ရန်စီစဉ်ရခြင်း ဖြစ်ကြောင်းသိရသည်။ ဒီစီမံကိန်းမှာ ဗီယက်နမ်မျိုးဖြစ်တဲ့ ငါးတန်တွေလည်းမွေးမယ်၊ မြန်မာငါးတန်မျိုးလည်းမွေးမယ်၊ ပြည်ပကလုပ်ငန်းရှင်နဲ့ ဘာလို့ပူးပေါင်းရတာလဲဆိုရင် နည်းပညာရော၊ ငွေအားရော ပိုများလာမှာဖြစ်တဲ့အတွက် ဗီယက်နမ် လုပ်ငန်းရှင်တွေနဲ့ပေါင်းလုပ်ဖို့ စီစဉ်လိုက်တာဟု ဦးအောင်မင်းခိုင်ကပြောသည်။

ငါးတန်စီမံကိန်းလုပ်ဆောင်မည့်နေရာကို လက်ရှိအချိန်တွင် မတ္တရာမြို့နယ်၊ လင်းမြွေချောင်းကျေးရွာအနီးဟု ကနဦး ရွေးချယ်ထားပြီး စီမံကိန်းမြေနေရာ အကျယ်အဝန်းကို ၈ ဧကခန့် အသုံးပြုရန် ရည်ရွယ်ထားကြောင်းသိရသည်။ ဒီစီမံကိန်း လုပ်မယ့်နေရာမှာ မြေလွတ်မြေရိုင်းရှိလားဆိုတာရှာနေတယ်။ မြေလွတ်မဟုတ်တဲ့ နေရာကျ မူရင်းပိုင်ရှင်တွေဆီကနေ ဝယ်ရမယ်။ ဝယ်ဖို့အတွက် အခုဈေးနှုန်းကတော့ ညှိရမှာပေါ့ဟု ဦးအောင်မင်းခိုင်ကပြောသည်။ အဆိုပါ ငါးတန်စီမံကိန်းကို ပူးပေါင်းပြီးလုပ်ဆောင်မည့် ဗီယက်နမ်နိုင်ငံမှလုပ်ငန်းရှင်များသည် ဗီယက်နမ်နိုင်ငံတွင် ငါးရှု၊ ငါးတန်၊ ငါးကြင်း မျိုးပေါက် များကို ရောင်းချသည့်လုပ်ငန်းရှင်များဖြစ်ကြောင်းသိရသည်။

**Source:** https://www.facebook.com/amiamyanmar/

## စွန့်ပစ်ပြောင်းဖူးရိုးအား Xylitol အဖြစ်ပြောင်းလဲနိုင် ၊ တစ်တန်လျှင် ဈေးကွက်ရောင်းဈေး (၃၀၀၀၀) ယွမ်ရှိနေ

ယခုရက်ပိုင်းတွင် ဟေးလုံကျန်းပြည်နယ် ဟာအဲပင်းရေခဲမြို့တော် Yimei ဇီဝဗေဒဆိုင်ရာအင်ဂျင်နီယာ သိပ္ပံနည်းပညာ ကုမ္ပဏီလီမိတက်သည် အမေရိကန်မှ သုတေသနပြုလုပ်ထားသော Xylitol ထုတ်ယူနည်းပညာကို မူပိုင်တင်သွင်းခဲ့ပြီး ယခင်ကတောင်သူများ မီးရှို့လွှင့်ပစ်ခဲ့သော ပြောင်းဖူးရိုးများကို ကုန်ချောအဖြစ်ထုတ်လုပ်ပြီးနောက် ဈေးကွက် ရောင်းဈေး တွင် တစ်တန်လျှင် (၃၀၀၀၀) ယွမ်ရရှိစေသော Xylitol အဖြစ်သို့ ပြောင်းလဲစေခဲ့ပါသည်။ အဆိုပါ နည်းပညာသစ်သည် ရှိလန်ခရိုင်တောင်သူများအတွက် နှစ်စဉ်ဝင်ငွေ သိန်း (၄၀၀) ယွမ်ခန့်ကို တိုးမြင့်ရရှိစေခဲ့ကြောင်းသိရပါသည်။ ထို့အတူ ရှိလန်ခရိုင်တွင် ကြံသကြားကို အချဉ်ဖောက်ကာ Mannitol ထုတ်ယူနည်းပညာလည်းရှိခဲ့ပြီး Mannitol သည်

ဆေးကုသရေးနှင့် စားသောက်ကုန်ကုန်ချောထုတ်လုပ်ငန်းများတွင် အသုံးများကာ ၄င်း၏စီးပွားရေးတန်ဖိုးသည်လည်း အလွန်ကောင်းမွန်ပါသည်။ ဟာအဲပင်းရေခဲမြို့တော် Yimei ဇီဝဗေဒဆိုင်ရာ အင်ဂျင်နီယာသိပ္ပံနည်းပညာကုမ္ပဏီ လီမိတက်သည် ဇူလိုင်လဆန်းတွင် တရားဝင်လုပ်ငန်း လည်ပတ်ရင်းနှီးမြှုပ်နှံထုတ်လုပ်ရန်စီစဉ်နေပြီး ယခုနှစ်နှစ်ကုန်ပိုင်းတွင် Xylitol (၁၀၀၀၀) တန်၊ Mennitol (၃၀၀၀) တန် ထုတ်လုပ်နိုင်မည်ဖြစ်ကြောင်းသိရပါသည်။ ကနဦးကာလ ကုန်စည်များအားလုံးကို နိုင်ငံခြားသို့ရောင်းချသွားမည်ဖြစ်ပြီး နိုင်ငံခြားဝင်ငွေ အမေရိကန်ဒေါ်လာ (၁၀) ဘီလီယံခန့်ရရှိမည်ဟု မျှော်မှန်းထားကြောင်းသိရပါသည်။ ထိုသို့သော အကာဇီဝအချဉ်ဖောက်မှုများကို အမေရိကန်နိုင်ငံ ဇီဝသိပ္ပံနှင့်နည်းပညာကုမ္ပဏီမှ သုတေသနပြုပျိုးထောင်ထားခြင်းဖြစ်ပြီး ၄င်းနည်းပညာသည် ပြောင်းဖူးရိုးအတွင်းရှိ Xylose အား အချဉ်ဖောက်ပြီးနောက် Xylitol အဖြစ် သို့ပြောင်းလဲပေးနိုင်မည်ဖြစ်ပါသည်။ ပြောင်းဖူးရိုး (၁၀) တန်မှ Xylitol (၁) တန်ထုတ်ယူနိုင်ပြီး အချိန်လဝက်မျှသာ လိုအပ်ကြောင်းသိရပါသည်။ ပြောင်းဖူးစိုက်ပျိုးမှုဈေးကွက်ကြီးတစ်ခုအဖြစ် ကုန်ကြမ်းထောက်ပံ့ပေးမှု လွယ်ကူအဆင်ပြေခြင်းသည် စီးပွားရေးလုပ်ငန်းအဖြစ် စနစ်တကျထုတ်လုပ်သော ကြီးမားသောအာမခံချက်ဖြစ်ပါသည်။ ထို့အတူ ထိုသို့သောထုတ်လုပ်မှုနည်းပညာသည် အပူချိန်နိမ့်သောအချဉ်ဖောက်နည်းကို အသုံးပြုခြင်းဖြစ်ပြီး ဟေလုံကျန်းပြည်နယ်ဆောင်းရာသီရာသီဥတုသည် ထုတ်လုပ်ရာတွင် စွမ်းအင်ပိုမိုချွေတာနိုင်ခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းခြင်းအတွက်သင့်လျော်ကြောင်း သိရှိရပါသည်။

**Source:**www.371zy.com

https://www.facebook.com/shweliayarnews/

## အဖြူရောင် စတော်ဘယ်ရီသီး တစ်ကီလိုလျှင် တရုတ်ယွမ်ငွေ (၂၀၀) ကျော်ရရှိ



ယခုရက်ပိုင်းတွင် ဒေသအသီးသီးမှ စတော်ဘယ်ရီသီးများ ဈေးကွက်သို့ အများအပြားဝင်ရောက်လာပြီဖြစ်ပြီး ဈေးနှုန်းများမှာလည်း ယခင်ရက်ပိုင်းများထက် များစွာကျဆင်းခဲ့ပြီဖြစ်ကာ စတော်ဘယ်ရီသီး တစ်ကီလိုလျှင် (၂၀) ယွမ်မှ (၄၀)ယွမ် အကြားသာရှိခဲ့ပါသည်။ ထို့အတူ ဈေးကွက်အတွင်း အဖြူရောင် စတော်ဘယ်ရီသီးများလည်း အသစ်ထွက်ပေါ်လာခဲ့ပြီဖြစ်ပြီး တစ်ကီလိုလျှင်ယွမ် (၂၀၀) ကျော်အထိ ရရှိကြောင်းသိရပါသည်။ သာမန်စတော်ဘယ်ရီ၏ ဈေးနှုန်းနှင့်နှိုင်းယှဉ်လျှင် ယခုရက်ပိုင်းဈေးကွက်သို့ ဝင်ရောက်လျက်ရှိနေသော အဖြူရောင် စတော်ဘယ်ရီသီး၏ဈေးနှုန်းသည် မြင့်မားလျက်ရှိပါသည်။ ဆန်ရှီးပြည်နယ်၊ ဟန်ချုန်မြို့၊ ရှီတိုက်ရွာ ရွှေရောင်ကဗ္ဘာခေတ်မီစိုက်ပျိုးရေးလုပ်ငန်းဥယျာဉ်အတွင်း၌ စတော်ဘယ်ရီသီးများအားလုံးသည် အဖြူရောင်ဖြစ်သော်လည်း အနံ့အရသာနှင့် ပြည့်စုံလျက်ရှိပါသည်။ အဖြူရောင်စတော်ဘယ်ရီသီးသည် တစ်ရှူးဖြင့် ပျိုးထောင်ရရှိသောပျိုးပင်မှ မျိုးပြောင်းအပင်ကို ရွေးချယ်ပျိုးထောင်ထားသော စတော်ဘယ်ရီသီး အမျိုးအစားသစ်ဖြစ်ပါသည်။ အသီးတင်ချိန်ကာလ ဒီဇင်ဘာလမှမတ်လတွင် အဖြူရောင် သို့မဟုတ် ပန်းဖျော့ရောင်ဖြစ်ပြီး ဧပြီလနောက်ပိုင်းတွင် အပူချိန်မြင့်တက်လာခြင်းနှင့် နေရောင်ခြည်ရရှိမှုများပြားလာခြင်းကြောင့် ပန်းရောင်သို့ ကူးပြောင်းသွားတတ်ပြီး အသီးအသားမှာ အဖြူစွတ်စွတ်အရောင် သို့မဟုတ် အဝါနုရောင်ဖြစ်ပါသည်။ အဖြူရောင်စတော်ဘယ်ရီသီး၏အရသာမှာ ချိုမွှေးလျက်ရှိပြီး အသီးခွံမှာအနည်းငယ်ပါးကာ စားလိုက်လျှင် အဝါရောင်မက်မွန်သီးအရသာကဲ့သို့ ရှိပါသည်။

အဖြူရောင်စတော်ဘယ်ရီသီးသည် ကြီးထွားရလွယ်ကူပြီး အသီးကြီးကာ အရည်အသွေးကောင်းမွန်ပါသည်။ အထွက်နှုန်းကောင်းပြီး အဖြူစက်ပြောက်ရောဂါ ခုခံနိုင်စွမ်းရှိကာ လတ်လတ်ဆတ်ဆတ် အစိမ်းစားနိုင်သော အရည်အသွေးကောင်းသည့် အမျိုးအစားဖြစ်ပါသည်။ အဖြူရောင်စတော်ဘယ်ရီသီး ဈေးနှုန်းသည် လက်ရှိတွင် တစ်ကီလိုလျှင် (၂၀၀) ယွမ်နှင့် အထက်ရှိနေပြီး အချို့ကုန်သည်များ၏ရောင်းဈေးမှာ တစ်ကီလိုလျှင် (၄၀၀) နှင့်အထက်ဖြစ်ပါသည်။ ပီကင်းမြို့ ချန်းဖျင်ဒေသ စိုက်ပျိုးရေးနည်းပညာဖြန့်ဝေရေးစခန်းမှ အဆင့်မြင့်စိုက်ပျိုးရေးပညာရှင် လူဟော်က ဈေးကွက်အတွင်းရှိ အဖြူရောင် စတော်ဘယ်ရီသီးသည် အများအားဖြင့် သာမန်အနီရောင်စတော်ဘယ်ရီမှ မျိုးပြောင်းရရှိလာခြင်းဖြစ်ပြီး စိုက်ပျိုးနည်းပညာမှာ မခက်ခဲလှပါ။ သို့သော် တချို့သောအချက်များကို စိုက်ပျိုးတောင်သူများ အထူးဂရုပြုရန်

လိုအပ်ပါကြောင်း ပြောကြားခဲ့ပါသည်။ယခုဈေးကွက်၏ အဖြူရောင်စတော်ဘယ်ရီ အမျိုးအစားတွင် အဓိကအားဖြင့် အဖြူအကြီး၊ အဖြူအသေးဟူ၍ရှိပါသည်။ အဖြူရောင်စတော်ဘယ်ရီသည် အဖြူရောင်ဖြစ်သည့်အတွက် နေရောင်ရရှိမှု ပြင်းထန်လွန်းခြင်းမဖြစ်စေရပါ။ ထို့ပြင် အဖြူရောင်စတော်ဘယ်ရီ၏ အပင်သည်ပို၍နိမ့်ပြီး စိုက်ပျိုးချိန်တွင် ဂရုပြုရမည် ဖြစ်ကာ အပင်များကိုမြေနှင့်ကပ် လွန်းခြင်းမရှိစေရပါ။ သို့မဟုတ်ပါက စတော်ဘယ်ရီသီး၏ အရွယ်အစားကို ထိခိုက်စေနိုင် ပါသည်။ စိုက်ပျိုးသည့် နည်းပညာမှာမူ မခက်ခဲလှပါ။

**Source:** www.cnr.cn

https://www.facebook.com/shweliayarnews/

## ကြက်သွန်ဈေးမော် တောင်သူပျော်ပြီ

ကြက်သွန်နီဈေးတွေကတော့ ဆက်တက်နေပြီး တစ်နိုင်ငံလုံးအတိုင်းအတာအနေနဲ့ အခြေခံဈေးက ကျပ် ၆၀၀ ရှိ တယ်လို့ သိရပါတယ်။ ပျော်ဘွယ်မြို့နယ်တောင်သူ ဦးအေးဆွေက ကြက်သွန်ဈေးလေးတွေတက်လာတော့ တောင်သူတ ွပျော်သွားတာပေ့ါ၊ လုပ်ချင်ကိုင်ချင်စိတ်လေးတွေဖြစ်လာတာပေ့ါ၊ တောင်သူတွေအနေနဲ့ကလဲ ဒီဈေးလောက် ရောင်းရမှလေ၊ ဒီဈေးနဲ့ဆိုရင်တော့ တောင်သူတွေအဆင်ပြေတယ်၊ တစ်နိုင်ငံလုံးအနေနဲ့ အခြေခံဈေးက ၆၀၀ ဖြစ် သွားပြီ၊ တချို့လှောင်လက်တွေ သိန်းနဲ့ချီလှောင်တဲ့သူတွေဆို ၇၀၀ လောက်ပေးဝယ်တယ်လို့ပြောပါတယ်။

မကွေးတိုင်းဒေသကြီးထွက် ဆိပ်ဖြူစနဲ့ပျော်ဘွယ်စတွေဆိုရင် ကြက်သွန်နီတစ်ပိဿာကို ကျပ် ၆၀၀၊ ဥကြီး တစ်ပိဿာ ကို ကျပ် ၇၀၀၊ ၇၂၅၊ ရှယ်တစ်ပိဿာကို ကျပ် ၇၇၅ နဲ့ ထူးရှယ်တစ်ပိဿာကို ကျပ် ၈၀၀၊ ၈၂၅ ရှိတယ်လို့သိရပါတယ်။စစ်ကိုင်းတိုင်းဒေသကြီးထွက်မုံရွာစဆိုရင်တော့ ကြက်သွန်နီတစ်ပိဿာကို ကျပ် ၆၀၀၊ ၇၇၅၊ ၈၀၀၊ ၈၂၅ ဈေးဖွင့်တယ်လို့သိရပါတယ်။ မိတ္ထီလာစဆိုရင်တော့ကြက်သွန်နီဥကြီးတစ်ပိဿာကို ကျပ် ၈၀၀၊ ရှယ်တစ်ပိဿာ ကို ကျပ် ၈၅၀ နဲ့ ထူးရှယ်တစ်ပိဿာကိုကျပ် ၉၀၀ ရှိတယ်လို့ သိရပါတယ်။ ပျော်ဘွယ်စတွေဆိုရင် ကြက် သွန်နီ တစ်ပိဿာကို ကျပ် ၆၀၀၊ ရ၀၀၊ ၇၇၅ နဲ့ ၈၀၀ ရှိပါတယ်။ နယ်ဘက်မှာတော့ RC တစ်ပိဿာ ကို ကျပ် ၄၂၅၊ ၄၅၀ ရှိပြီး ဥကြီးဆိုရင် ကျပ် ၅၅၀ ရှိပါတယ်။ ဦးအေးဆွေက ဈေးက ဒီနားပဲငြိမ်နေလိမ့် မယ်၊ တက်လဲမတက်နိုင်ဘူး၊ ကျမယ်ဆိုရင်တော့ တစ်ပိဿာကို ၅၀ လောက်တော့ ကျမယ်လို့ မှန်းထားတယ် လို့ ပြောပ ါတယ်။ သူကဆက်ပြီး ဘာလို့ကျမယ်မှန်းလဲဆိုတော့ တရုတ်ကလဲ အဝယ်သိပ်မလိုက်ဘူး၊ ပြည် တွင်းဈေးကလဲတက်တော့ ကုန်သည်တွေက တရုတ်ကိုမရောင်းနိုင်ဘူး၊ ဝယ်တဲ့ကုမ္ပဏီကလဲ ဈေးမကိုက်တော့ ရပ်ထားတယ်လို့ပြောပါတယ်။

ပြီးခဲ့တဲ့နှစ် သည်လိုအချိန်ဆို ကြက်သွန်နီဈေးက တစ်ပိဿာကို ကျပ် ၄၀၀၊ ၅၀၀၊ ၆၀၀ လောက်ပဲ ရှိပေ မဲ့ သည်နှစ်မှာတော့ တစ်ပိဿာကို ကျပ် ၂၀၀ နှုန်းလောက်တက်သွားပြီး အခြေခံဈေးက တစ်နိုင်ငံလုံးအနေ နဲ့ ကျပ် ၆၀၀ ရှိတယ်လို့သိရပါတယ်။ ကြက်သွန်နီဈေးကတော့ သည်ဈေးမှာပဲငြိမ်နေဦးမယ်လို့ ခန့်မှန်း ထားပြီး သည်လကုန်ရင်တော့ အရောင်းအဝယ်တွေသွက်မယ်လို့ ပျော်ဘွယ်မြို့နယ် ကြက်သွန်တောင်သူက ပြောပါ တယ်။

**Source:**https://www.kumudranews.com/news-33880?fbclid=IwAR3XJjNZzXJFI45WnCIywQOKGY0rpSQhNs34Ab3x3KlwRaAC96Ura6aZ_kY

YANGON
STOCK EXCHANGE

Market Data | Listed Company | Regulations | Learning | Trading | Listing on YSX | About YSX

Home > Market Data > Stock trading data

## Stock trading data

As of 17th Jun. 2019

### Stock trading

| Name | Code | Close | Change | % Change | Open | High | Low | Trading volume | Trading value (MMK) | No. of listed shares | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|---|
| FMI | 00001 | 11,500 | +0 | +0.00% | 11,500 | 11,500 | 11,500 | 218 | 2,507,000 | 27,112,747 | 311,797 |
| MTSH | 00002 | 3,300 | +0 | +0.00% | 3,300 | 3,300 | 3,300 | 1,751 | 5,778,300 | 38,929,150 | 128,466 |
| MCB | 00003 | 7,800 | +0 | +0.00% | 7,800 | 7,800 | 7,800 | 0 | 0 | 10,400,986 | 81,128 |
| FPB | 00004 | 24,000 | +0 | +0.00% | 24,000 | 24,000 | 24,000 | 95 | 2,280,000 | 2,472,053 | 59,329 |
| TMH | 00005 | 3,050 | +0 | +0.00% | 3,050 | 3,050 | 3,050 | 213 | 649,650 | 12,212,906 | 37,249 |

### Today's summary

| Index name | Close | Change | % Change | Open | High | Low | Trading volume (shares) | Trading value (MMK) | No. of listed companies | Market Cap. (mil MMK) |
|---|---|---|---|---|---|---|---|---|---|---|
| MYANPIX | 452.65 | +0.00 | +0.00% | 452.65 | 452.65 | 452.65 | 2,277 | 11,214,950 | 5 | 617,969 |

### Index chart

